# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

February 14, 2019 | Volume 16, Number 9


၁၄.၂.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၁၈ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၇၃၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၁/ကျပ် |
| CBM Rate | = ၁၅၃၃.၉/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၂၇.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၈.၈ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၆၈.၃ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၈၁.၅ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၈၉.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၆.၃၇ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၅၈၂ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၆.၀၄ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၆.၆၅ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၉၁၃ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၁၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀

ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm

myantradetir2016@gmail.com


## သံမဏိလုပ်ငန်းနယ်ပယ် ဈေးကွက်အလားအလာကောင်းများရှိနေ



ပြည်တွင်းစက်ရုံများ၊ အလုပ်ရုံများတွင် သံမဏိအခြေပြု တည်ဆောက်ရေးလုပ်ငန်း တွင်ကျယ်လာခြင်းနှင့် ထပ်မံတိုးချဲ့လာရန်ရှိနေသော စက်ရုံအလုပ်ရုံများကြောင့် သံမဏိလုပ်ငန်း နယ်ပယ်သည် ရေရှည်တွင် ဈေးကွက်အလားအလာကောင်းကြောင်း PEB Steel ကုမ္ပဏီအထွေထွေမန်နေဂျာ Nandakumar က ပြောသည်။

ဒီမှာ စီးပွားရေးလုပ်ငန်းတွေ၊ စက်ရုံတွေလည်း အများကြီးရှိသလို တိုးချဲ့ဖို့တွေလည်းရှိကြတယ်။ ဒါကြောင့် ရေ့လျှောက်ဈေးကွက်တော့ အလားအလာကောင်းကြောင်း ၄င်းကပြောသည်။

သံမဏိ (Steel) သည် မျက်မှောက်ကာလတွင် ဆောက်လုပ်ရေးလုပ်ငန်းခွင်များအတွက် ခရာကျသော ပစ္စည်းတစ်ခုဖြစ်လာသည်။ စက်ရုံ၊ အလုပ်ရုံ၊ အိမ်ရာစသဖြင့် အဆောက်အအုံ အမျိုးမျိုးအတွက် သံမဏိအခြေပြုတည်ဆောက်မှုပုံစံများ (သို့မဟုတ်) သံမဏိဖြင့် တွဲစပ်တည်ဆောက်မှုများ (Steel Structure Building) အမျိုးမျိုးကို ရန်ကုန်မြို့အနှံ့တွင် မြင်တွေ့နေရသည်။

ပြည်တွင်းဆောက်လုပ်ရေးဈေးကွက်တွင် အသင့်သုံးစွဲနိုင်သော သံမဏိထည်များ ပြည်ပတင်သွင်းခြင်းကို ခေတ်အဆက်ဆက်အားထားခဲ့ကြသည်။ ၂၀၁၇ ခုနှစ်မှ စတင်၍ ပြည်တွင်း သံမဏိဈေးကွက်တွင် အပြောင်းအလဲအချို့ ဖြစ်လာခဲ့သည်။ ယင်းမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် သံမဏိစက်ရုံအချို့ ပြည်တွင်း၌ စတင် ပေါ်ပေါက်လာခြင်းဖြစ်သည်။ လက်ရှိတွင် ဈေးကွက်လိုအပ်ချက်ကြောင့် ပြည်ပတင်သွင်းနေရဆဲဖြစ်သော်လည်း ပြည်တွင်းအခြေစိုက် စက်ရုံများကလည်း ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းနေကြပြီဖြစ်သည်။

ပြည်တွင်းဈေးကွက် လိုအပ်ချက်ကို ဖြည့်ဆည်းရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်နေသော သံမဏိစက်ရုံအချို့ထဲတွင် ဗီယက်နမ် နိုင်ငံအခြေစိုက် PEB Steel ကုမ္ပဏီသည် တစ်ခုအပါအဝင် ဖြစ်သည်။ PEB Steel ကုမ္ပဏီသည် ၄င်းတို့ထုတ်လုပ်ထားသော သံမဏိထည်များကို အသုံးပြု၍ စက်ရုံ၊ အလုပ်ရုံတည်ဆောက်ရေးများအတွက် အကြိုအင်ဂျင်နီယာအဆောက်အအုံနည်းပညာ (Pre Engineered Building PEB) ဖြင့် ပြည်တွင်းဈေးကွက်ကို ထိုးဖောက်ရန်ကြိုးပမ်းနေခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ ဆောက်လုပ်ရေးနယ်ပယ်အတွက် လိုအပ်သော သံမဏိကို ပြည်ပက အဓိကထား၍

တင်သွင်းနေရဆဲဖြစ်သည်။ ပုံမှန်ထက် PEB နည်းပညာက ကုန်ကျစရိတ် ၂၀ ရာခိုင်နှုန်းလောက် သက်သာတယ်။ အဓိက ဒီဇိုင်းပုံစံအတိုင်း Steel Structure ထုတ်လုပ်တယ်။ သမားရိုးကျနည်းကျတော့ ထုတ်ပြီးသားကို ကိုယ်လိုသလို ပြန်ပြီးဖြတ်တောက်တာတွေလုပ်ရတော့ အလေအလွင့်တွေဖြစ်တယ်။ နောက်ပြီးပုံမှန်နည်းနဲ့ တည်ဆောက်တာက အများကြီးအချိန်ပေးရပေမဲ့ PEB နည်းစနစ်နဲ့ကတော့ ခြောက်ပတ်၊ ရှစ်ပတ်အတွင်း တည်ဆောက်မှုပြီးနိုင်ကြောင်း အထွေထွေမန်နေဂျာ Nandakumar က ဆိုသည်။

မြန်မာနိုင်ငံဈေးကွက်အတွက် ယင်းကဲ့သို့ စက်ရုံတည်ဆောက်၍ အကြိုအင်ဂျင်နီယာအဆောက်အအုံ နည်းပညာ (PreEngineered Building) ဖြင့် ဒီဇိုင်းထုတ်ခြင်း၊ သံမဏိထည်များထုတ်လုပ်ခြင်းနှင့် တပ်ဆင်သည်အထိ One Stop Service ဆောင်ရွက်နေခြင်းသည် ယခုကုမ္ပဏီကပထမဆုံးဖြစ်သည်။ PEB Steel သည် ၎င်းတို့လုပ်ငန်း လည်ပတ်ခဲ့သော ၂၀၁၈ မှ တစ်နှစ်ကျော်သက်တမ်းအတွင်း နိုင်ငံအတွင်းရှိ ပြည်တွင်း၊ ပြည်ပစီးပွားရေး လုပ်ငန်းများအတွက် အဆိုပါနည်းပညာဖြင့် အဆောက်အအုံ အလုံးပေါင်း ၅၀ ကျော် တည်ဆောက်ခဲ့ပြီးဖြစ်သည်ဟု ဆိုသည်။ ၎င်းတို့အနေဖြင့် ပြည်တွင်းလုပ်ငန်းများအတွက် အဓိကတည်ဆောက်ပေးခဲ့ရမှု ပိုမိုများပြားခဲ့သည်ဟု ဆိုသည်။ မြန်မာနိုင်ငံ၏ ဆောက်လုပ်ရေးနယ်ပယ်အတွက် လိုအပ်သောသံမဏိကို ပြည်ပကအဓိကထား၍ တင်သွင်း နေရဆဲဖြစ်သည်။ ပြည်တွင်းထုတ်လုပ်မှုသည် လက်ရှိဆောက်လုပ်ရေးဈေးကွက် လိုအပ်ချက်၏ ငါးရာခိုင်နှုန်းခန့်သာ ဖြည့်ဆည်းနိုင်သေးပြီး ကျန် ၉၅ ရာခိုင်နှုန်းခန့်ကို ပြည်ပကတင်သွင်းရကြောင်း မြန်မာနိုင်ငံသံနှင့် သံမဏိအသင်းထံမှ သိရှိရသည်။ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သော သံမဏိထည်များကို ပြည်ပတင်သွင်း၍ တပ်ဆင် ထုတ်လုပ်မှုများလည်း အားကောင်းနေဆဲဖြစ်သည့်အတွက် ၎င်းတို့အနေဖြင့် သွင်းကုန်သံမဏိထည်များဖြင့် အဓိက ယှဉ်ပြိုင်နေရသည်ဟု PEB ကုမ္ပဏီဘက်က ဆိုသည်။

**Source:** https://myanmar.mmtimes.com/news/120494.html

## ယခုပွင့်လင်းရာသီ၌ ကုန်စည်တန်ဆာခဈေးနှုန်းမြင့်တက်မှုမရှိ ပုံမှန်ကောက်ခံလျက်ရှိ

ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းများသည် ပွင့်လင်းရာသီရောက်ရှိသည်နှင့် တန်ဆာခများ မြင့်တက်ကောက်ခံလေ့ ရှိသော်လည်း ယခုပွင့်လင်းရာသီတွင် သာမန်အားဖြင့် တန်ဆာခဈေးနှုန်းမြင့်တက်ခြင်းမရှိဘဲ ပုံမှန်ကောက်ခံမှု မျိုးသာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံအဝေးပြေးကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှု လုပ်ငန်း ရှင်များအသင်းမှသိရသည်။

**ပုံမှန်အခြေအနေ**

"တကယ်တမ်းဆိုရင် ဒီလိုကာလက တန်ဆာခတွေ မြင့်တက်တတ်ပေမယ့် ဒီနှစ်မှာတော့ အခုမြင့်တက်တာမျိုးမရှိဘူး။ ဖေဖော် ဝါရီလထဲကို ရောက်လာပေမယ့် အဝေးပြေး ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းတွေအနေနဲ့ အားမကောင်းသေးဘဲ ပုံမှန်အခြေအနေမှာ ရှိနေတာကြောင့်လည်း ဖြစ်ပါတယ်" ဟု မြန်မာ နိုင်ငံ အဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင် မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးကိုကိုနိုင်က ပြောဆိုသည်။

ယခုအခါ ရန်ကုန်–မန္တလေး စီးလုံးငှား ကုန်စည်သယ်ဆောင်ခမှာ တစ်တန်လျှင် ကျပ် ၁၇,၀၀၀ မှ ၂၀,၀၀၀ ကြားရှိပြီး ရန်ကုန်– မူဆယ် စီးလုံးငှားကုန်စည်သယ်ဆောင်ခမှာ တစ်တန်လျှင် ကျပ် ၆၀,၀၀၀ မှ ၆၅,၀၀၀ ကြားရှိကြောင်း သိရသည်။

**ပုံမှန်ပို့**

"မူဆယ်ကနေ တရုတ်ဘက်ကို ကုန်ပို့ဆောင်မှု လျော့နည်းသွားတာကြောင့် တန်ဆာခတွေလည်းကျသွားတယ်။ အရင် ဇန်နဝါရီလ ထဲမှာ ၁၂ ဘီးကား စီးလုံးငှားတစ်စီးကို တန်ဆာခ ကျပ် ၂၁ သိန်းဖြစ်တဲ့ အခြေအနေက ဒီဖေဖော်ဝါရီလထဲမှာ ကျပ် ၁၇ သိန်းလောက်ဖြစ်တယ်။ တစ်လထဲမှာ ကျပ်လေးသိန်းကျသွား တယ်။ အခု တရုတ် နှစ်သစ်ကူးပွဲတော်ကာလ မှာ ကုန်စည်ပို့ဆောင်မှု အနေအထားနဲ့ဆိုရင် မူဆယ်ကို ပုံမှန်ပို့နေရတယ်" ဟု ၎င်းက ဆက်လက်ပြောဆိုသည်။

**Source:** https://myanmar.mmtimes.com/news/120498.html

## ရခိုင်တွင် ရင်းနှီးမြှုပ်နှံရန်ရှိဟု ဂျပန်သံအမတ်ကြီးပြော

ရခိုင်ပြည်နယ်တွင် ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်သွားရန် စိတ်ဝင်စားသည်ဟု မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး Ichiro Maruyama က ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ပြည်တွင်းမီဒီယာများနှင့် တွေ့ဆုံစဉ် ပြောသည်။




ရခိုင်ပြည်နယ်မှာ စီးပွားရေးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ စီးပွားရေးတစ်ဆင့်ပြီးတစ်ဆင့် တိုးတက်တယ်ဆိုရင် အနာဂတ်မှာ ပဋိပက္ခတွေကို ဖြေရှင်းနိုင်မယ်လို့ ယူဆကြောင်း၊ ဒါက ဂျပန်အစိုးရရဲ့ ရပ်တည်ချက်နဲ့ ထင်မြင်ချက်ဖြစ်ကြောင်း သံအမတ်ကြီး Ichiro Maruyama က ပြောသည်။

မြန်မာအစိုးရ၊ မြန်မာကုမ္ပဏီများနှင့် ဂျပန်အစိုးရ၊ ဂျပန်ကုမ္ပဏီများ ပူးပေါင်းပြီး ရခိုင်ပြည်နယ်တွင် မည်သို့ပုံစံမျိုးဖြင့် စီးပွားရေးလုပ်ငန်းရင်းနှီးမြှုပ်နှံနိုင်မည်ကို ဆွေးနွေးသွားမည့် အစီအစဉ်ရှိကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ခရီးသွား လုပ်ငန်းများသို့ ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားလျက်ရှိသည့်အပြင် အခြား အလားအလာကောင်းသော စီးပွားရေးကဏ္ဍများရှိလျှင်လည်း ရင်းနှီးမြှုပ်နှံရန် စဉ်းစားသွားမည်ဟု ၄င်းကပြောသည်။

ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုပြပွဲ (Rakhine State Investment Fair) ကို လာမည့် ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၃ ရက်အထိ ရခိုင်ပြည်နယ်တွင် ကျင်းပမည်ဖြစ်သည်။ ရခိုင်ပြည်နယ်တွင် ရင်းနှီးမြှုပ်နှံရန်အလားအလာကောင်းများစွာ ရှိသည့်အတွက် ရင်းနှီးမြှုပ်နှံသူများ လာရောက်ကြရန် ဖိတ်ခေါ်သည်ဟု ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ဇန်နဝါရီ ၂၀ ရက်တွင် ပြုလုပ်ခဲ့သည့် မီဒီယာတွေ့ဆုံပွဲတစ်ခုတွင်ပြောခဲ့သည်။

ရခိုင်ပြည်နယ်အစိုးရသည် ပြည်နယ်အတွင်း စီးပွားရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာစေရန် ရည်ရွယ်ပြီး ရင်းနှီးမြှုပ်နှံမှုပြပွဲ (Rakhine State Investment Fair) ကျင်းပရန် စီစဉ်ခြင်းဖြစ်ပြီး ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းများရှိသည်ဟု ပြည်နယ်အစိုးရက ပြောဆိုထားသည်။

စီးပွားရေးလုပ်ငန်းများ ရင်းနှီးမြှုပ်နှံရန်အတွက် လမ်း၊ လျှပ်စစ်မီးစသည့် အခြေခံအဆောက်အအုံများ ပြည့်စုံရန် အရေးကြီးပြီး ရခိုင်ပြည်နယ်၏ အခြေခံအဆောက်အအုံများ ပြည့်စုံရေးအတွက် အကူအညီပေးမှုများ ပြုလုပ်ပေးသွားမည်ဟု ဂျပန်သံအမတ်ကြီးကပြောသည်။ ပြည်နယ်အတွင်း ကာလရှည်ဆောင်ရွက်ရန် စီစဉ်ခဲ့သော်လည်း မဖြစ်မြောက်ခဲ့သော ပုဏ္ဏားကျွန်းစက်မှုဇုန် စီမံကိန်းကိုလည်း နိုင်ငံတော်အဆင့်အဖြစ် Project Bank တွင် ထည့်သွင်းပြီး ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်ဆောင်ရွက်မည်ဟု ရခိုင်ပြည်နယ်ဘဏ္ဍာရေး၊ စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီး ဦးကျော်အေးသိန်းကပြောသည်။

ထို့ပြင် မောင်တောဒေသတွင် ဖော်ဆောင်လျက်ရှိသော ကညင်ချောင်ကုန်သွယ်ရေးဇုန် တည်ဆောက်ရေး သည်လည်း ပြီးစီးတော့မည်ဖြစ်သည့်အတွက် မကြာမီဖွင့်လှစ်တော့မည်ဖြစ်သည်။ ဂျပန်အစိုးရနှင့် ဂျပန်ကုမ္ပဏီ များသည် မြန်မာနိုင်ငံ၏ စီးပွားရေးအချက်အချာ နေရာများဖြစ်သည့် ရန်ကုန်နှင့်မန္တလေးတိုင်းဒေသကြီးတို့တွင် ဦးစားပေးလုပ်ငန်းများဆောင်ရွက်နေပြီး အခြားဒေသများတွင်လည်း တတ်နိုင်သလောက်ဆောင်ရွက်နေသည်ဟု ဂျပန်သံအမတ်ကြီးကပြောသည်။

**Source:** https://myanmar.mmtimes.com/news/120495.html

## အေးခဲအသား၊ ရေထွက်ကုန်များနှင့် ယင်းတို့ကိုအခြေခံပြုလုပ်ထားသော စားသောက်ကုန်များ နယ်စပ်မှ တင်သွင်းခွင့်ရပ်ဆိုင်းမည်

နယ်စပ်များမှ အေးခဲအသား၊ ရေထွက်ကုန်များအပါအဝင် ယင်းတို့ကိုအခြေခံပြုလုပ်ထားသော စားသောက်ကုန်များ တင်သွင်းခြင်းကို မတ်လ ၁ ရက်တွင် စတင်ရပ်ဆိုင်းမည်ဟု ကုန်သွယ်ရေးဦးစီးဌာနက ကြေညာချက်ထုတ်ပြန်သည်။

နယ်စပ်စခန်းများတွင် စားသုံးသူဘေးကင်းရေး စစ်ဆေးမည့်ဓာတ်ခွဲခန်းများ ပြည့်စုံမှုမရှိခြင်းကြောင့် တင်သွင်းမှုကို ရပ်ဆိုင်းခြင်းဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ကြေညာချက်တွင် ဖော်ပြထားသည်။

အေးခဲအသား (အစို)၊ အေးခဲရေထွက်ကုန်ပစ္စည်းများ၊ အသားအမျိုးမျိုးနှင့် ရေထွက်ကုန်ပစ္စည်းကို အခြေခံအသုံးပြု

ထုတ်လုပ်ထားသော စားသောက်ကုန်များကို နယ်စပ်မှတင်သွင်းခွင့်မပြုသော်လည်း ပင်လယ်ရေကြောင်းမှ တင်သွင်း ခွင့်ပြုမည်ဟု ကြေညာချက်တွင်ဖော်ပြထားသည်။ မြန်မာနိုင်ငံနယ်စပ်မှ အေးခဲအသား၊ ရေထွက်ကုန်များတင်သွင်းရာတွင် ထိုင်းနိုင်ငံမှ ဝက်သား၊ တရုတ်နိုင်ငံမှ ကြက်သားတင်သွင်းမှုများကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာကျော်ထင်ကပြောသည်။ နယ်စပ်မှတင်သွင်းမှုရပ်ဆိုင်းခြင်းနှင့်ပတ်သက်၍ ပြည်တွင်းမှာလည်း လုံလောက်အောင်ထုတ်နေနိုင်ပြီဖြစ်ကြောင်း ၎င်းကပြောသည်။

နယ်စပ်မှ အေးခဲအသားများတင်သွင်းရာတွင် တရားဝင်တင်သွင်းမှုများအပြင် တရားမဝင်တင်သွင်းမှုများလည်းရှိနေသည်ဟု မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူအချို့ကပြောသည်။ ပြည်တွင်းအသားထုတ်လုပ်ရေးကဏ္ဍအတွက် လက်ရှိနိုင်ငံခြားကုမ္ပဏီ ၁၀ ခုကျော်က ရင်းနှီးမြှုပ်နှံပြီး လုပ်ဆောင်နေသည်ဟု ဒေါက်တာကျော်ထင်ကပြောသည်။ ထိုင်း၊ အင်ဒိုနီးရှား၊ တရုတ်၊ တောင်ကိုရီးယား၊ နယ်သာလန်၊ ထိုင်ဝမ်စသောနိုင်ငံတို့မှ အသားကုမ္ပဏီများက မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံပြီး အသားထုတ်လုပ်နေကြောင်း ၎င်းကဆိုသည်။

**Source:** http://www.7daydaily.com/story/149941

## ဆန်ကတစ်ဆင့် တန်ဖိုးမြှင့်ထုတ်ကုန်လုပ်ငန်း ပိုမိုရင်းနှီးမြှုပ်နှံဖို့လိုအပ်နေ

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က တရုတ်က ဆန်သာကန့်သတ်တာ၊ ဆန်မှုန့် ကို ခွင့်ပြုတယ်၊ ဆန်ခေါက်ဆွဲခွင့်ပြုတယ်၊ ဆန်ကြာဇံခွင့်ပြုတယ်၊ ကျွန်တော်တို့ ဒါကိုဘာလို့ ပြောင်းမထုတ်နိုင်တာလဲ၊ ဆန်စက်တွေကို ကျွန်တော်ပြောချင်တာက တခြား value added ပဲဖြစ် ဖြစ်၊ တခြား product ပြောင်းပြီး တရားဝင်ကုန်သွယ်မယ်ဆိုရင် ဝင်ငွေလဲရနိုင်တယ်၊ အဆင်လဲပြေနိုင် တယ်လို့ ၉ ရက်က မန္တလေးမြို့ Mandalay Convention Centre မှာ ကျင်းပ တဲ့ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ၂၀၁၉ မှာ ပြောကြားပါတယ်။ ကမ္ဘာလုံးဆိုင် ရာ ဆန်ကုန်သွယ်မှုပမာဏဟာ တဖြည်းဖြည်းကျဆင်းနေပြီး ငါးနှစ်အတွင်း လေးပုံတစ်ပုံခန့် လျော့ကျလာ တယ်။ နိုင်ငံတိုင်းနိုင်ငံတိုင်းဟာ စားနပ်ရိက္ခာဖူလုံရေးအတွက်ကို ဦးစားပေးအစီအစဉ်တွေချ လုပ်ဆောင်နေတာဖြစ်တဲ့ အတွက် ကမ္ဘာလုံးဆိုင်ရာဆန်ကုန်သွယ်မှုဟာ တစ်နှစ်ထက်တစ်နှစ် ကျဆင်းလာနေပါတယ်။ နောက်ပိုင်းနှစ်တွေမှာဆိုရင် စားနပ်ရိက္ခာဖူလုံမှုမရှိတဲ့ အာဖရိကနိုင်ငံတွေမှာတောင်မှ ပြည်ပကနေ ဆန်ဝယ်ယူမှုကျဆင်းလာ တယ်လို့ သိရပါတယ်။ ဥပမာ-မြန်မာနိုင်ငံကနေ နှစ်စဉ်ဆန်တန်ချိန် ခြောက်သိန်းနဲ့ ခုနစ်သိန်းကြားဝယ်နေ တဲ့ အိုင်ဗရီကို့စ်နိုင်ငံဟာ အခုအချိန်မှာ တစ်နှစ်ကို ဆန်တန်ချိန်သုံးသိန်းနဲ့လေးသိန်းကြားသာဝယ်တော့တယ်လို့ သိရပါတယ်။ သည်လိုအခြေအနေမျိုးမှာ ခိုင်မာတဲ့ အရည်အသွေး၊ စနစ်ကျတဲ့ ထုတ်လုပ်မှုပုံစံမျိုးရှိတဲ့ ဆန်အမျိုး အစားတွေ ထုတ်လုပ်နိုင်ဖို့နဲ့ ဆန်ကတစ်ဆင့် တန်ဖိုးမြှင့်ထုတ်ကုန်တွေ ထုတ်လုပ်နိုင်မှသာ ဈေးကွက်မှာနေရာရ ရပ်တည်နိုင်မှာဖြစ်ပါတယ်။ ဆန်စိုက်ပျိုးထုတ်လုပ်ရောင်းချတဲ့ လုပ်ငန်းစဉ်တစ်ခုလုံးမှာ အစစအရာရာ အားနည်းချက်တွေကြောင့် မြန်မာ့ဆန်ပြည်ပတင်ပို့ရာမှာ အရည်အသွေးပိုင်းဆိုင်ရာ အာမခံနိုင်မှုအပိုင်းတွေက ယခုအချိန်အထိ မေးခွန်းထုတ်စရာအခြေအနေမှာရှိတယ်။

မျိုးစပါး၊ ဓာတ်မြေဩဇာကအစ ဆန်စက်တွေ၊ သိုလှောင်ရုံတွေအထိ အရည်အသွေးနိမ့်ပစ္စည်းတွေကိုသာ အများဆုံးအသုံးပြုနေသေးတဲ့ မြန်မာ့ဆန်လောကအတွက် ဆန်အရည်အသွေးကောင်းဖို့နဲ့ ဆန်ကတစ်ဆင့် တန်ဖိုးမြှင့်ထုတ်ကုန်တွေ ထုတ်လုပ်ရေးဆိုတဲ့လုပ်ငန်းစဉ်တစ်ခုကိုပြောင်းလဲဖို့ ရင်းနှီးမြှုပ်နှံဖို့လိုအပ်နေပြီလို့ ဆန်လုပ်ငန်းရှင်အချို့ကပြောပါတယ်။

SOURCE: HTTPS://WWW.KUMUDRANEWS.COM/NEWS-32345

## ကမ္ဘာ့ရွှေဈေး ၁၃၁၄ ဒေါ်လာဝန်းကျင်ရှိပြီး ပြည်တွင်းရွှေဈေး ကျပ် ၁၀၇၆၀၀၀ အထိစံချိန်တင်ဆက်တက်

ကမ္ဘာ့ရွှေဈေးသည် ဖေဖော်ဝါရီ ၈ ရက်တွင် ၁၃၁၄ ဒေါ်လာဝန်းကျင်ဖြင့် တစ်ပတ်တာဈေးပိတ်ခဲ့ပြီး ဖေဖော် ဝါရီ ၉ ရက်တွင် ပြည်တွင်းရွှေဈေးနှုန်း ကျပ် ၁၀၇၆၀၀၀ ဝန်းကျင်အထိ စံချိန်တင် ဆက်လက်မြင့်တက်ခဲ့ကြောင်း သိရသည်။



ပြည်တွင်းရွှေဈေးသည် ပြီးခဲ့သည့် ၂၀၁၇ ဇူလိုင် ၂၁ ရက်မှ စတင်ကာ ကျပ် ၉၀၀၀၀၀ အထက်ရောက်ခဲ့ပြီး ကမ္ဘာ့ရွှေဈေးမြင့်တက်မှုနှင့်အတူ စံချိန်တင်ဈေးနှုန်းများ အဖြစ် ဩဂုတ်လအတွင်းနှင့် စက်တင်ဘာလလယ်အထိ ဆက်တိုက်မြင့်တက်ခဲ့သည်။ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ၉၅၇၈၀၀ ဖြင့် တင်ထားသော စံချိန်ကို ၂၀၁၈ ခုနှစ်ဩဂုတ် ၂၃ ရက်မှ စတင်ကျော်လွန်ခဲ့ပြီး ဩဂုတ် ၂၈ ရက်တွင် ကျပ် ၉၈၅၀၀၀ အထိ အမြင့်ဆုံး ဖြစ်ပေါ်သည်။ ထို့နောက် ဩဂုတ် ၃၀ ရက်တွင် ကျပ် ၉၆၉၀၀၀ အထိ ပြန်လည်ကျဆင်းခဲ့ပြီး စက်တင်ဘာ ၁၁ မှစတင်ကာ ရွှေဈေးနှုန်း စံချိန်သစ်များ ထပ်တင်ခဲ့ကာ စက်တင်ဘာ ၂၀ ရက်တွင် အမြင့်ဆုံးစံချိန်အဖြစ် ကျပ် ၁၀၄၇၇၀၀ အထိဖြစ်ပေါ်ခဲ့သည်။

ထို့နောက် ၂၀၁၇ ခုနှစ် အောက်တိုဘာ လဆန်းနောက်ပိုင်း အနိမ့်ဆုံးဈေးနှုန်းအဖြစ် ဒီဇင်ဘာ ၄ ရက်တွင် ကျပ် ၉၈၇၀၀၀ အထိကျဆင်းခဲ့သည်။ ဒီဇင်ဘာလအတွင်း ကမ္ဘာ့ရွှေဈေးမြင့်တက်မှုနှင့်အတူ ပြည်တွင်းရွှေဈေးနှုန်း လိုက်ပါမြင့်တက်ခဲ့ရာ ဒီဇင်ဘာ ၈ ရက် တွင် ကျပ် ၁၀၂၈၀၀၀၊ ဒီဇင်ဘာ ၁၂ ရက်တွင် ကျပ် ၁၀၄၂၀၀၀၊ ၂၀၁၈ ခုနှစ်တွင် ဇန်နဝါရီ ၂ ရက်တွင် ၁၀၄၅၈၀၀ ဝန်းကျင်ဖြစ်ပေါ်ခဲ့သည်။ ဇန်နဝါရီ ၃ ရက်တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်၌ ဖြစ်ပေါ်ခဲ့သော ကျပ် ၁၀၄၇၇၀၀ စံချိန်ကို ကျပ် ၁၀၄၈၅၀၀ ဖြင့်ကျော်ဖြတ်ခဲ့ပြီး စံချိန်သစ်များ ဆက်တိုက် တင်ခဲ့ကာ ဇန်နဝါရီ ၃၁ ရက်တွင် ကျပ် ၁၀၆၃၀၀၀ အထိ ဖြစ်ပေါ်ခဲ့သည်။ ထို့နောက် ရွှေဈေးများ ဆက်လက်မြင့်တက်ခဲ့ရာ ဖေဖော်ဝါရီ ၅ ရက်တွင် ကျပ် ၁၀၆၃၅၀၀၊ ဖေ ဖော်ဝါရီ ၆ ရက်တွင် ကျပ် ၁၀၆၅၅၀၀၊ ဖေဖော်ဝါရီ ၈ ရက်တွင် ကျပ် ၁၀၇၁၀၀၀၊ ဖေဖော်ဝါရီ ၉ ရက်တွင် ၁၀၇၆၀၀၀ အထိ စံချိန်တင်ဈေးနှုန်းများ ဆက်တိုက်ဖြစ်ပေါ်နေခြင်းဖြစ်သည်။

ပြီးခဲ့သည့်သုံးလက ရွှေဈေးကိုပြန်ကြည့်ပါက နိုဝင်ဘာလအတွင်း ပြည်တွင်းရွှေ ဈေးနှုန်းအနိမ့်ဆုံးနှုန်း ကျပ် ၁၀၂၇၁၀၀ (နိုဝင်ဘာ ၃၀ ရက်)၊ အမြင့်ဆုံးနှုန်း ကျပ် ၁၀၄၄၅၀၀ (နိုဝင်ဘာ ၂ ရက်)၊ ဒီဇင်ဘာလအတွင်း ပြည်တွင်းရွှေဈေးအနိမ့်ဆုံးဈေးနှုန်း ကျပ် ၉၈၇၀၀၀ (ဒီဇင်ဘာ ၄ ရက်)၊ အမြင့်ဆုံး ဈေးနှုန်း ကျပ် ၁၀၄၃၀၀၀ (ဒီဇင်ဘာ ၂၉ ရက်)၊ ဇန်နဝါရီလအတွင်း ပြည်တွင်းရွှေဈေး အနိမ့်ဆုံးနှုန်း ကျပ် ၁၀၄၃၅၀၀ (ဇန်နဝါရီ ၁ ရက်)၊ အမြင့်ဆုံးနှုန်း ကျပ် ၁၀၆၃၀၀၀ (ဇန် နဝါရီ ၃၁ ရက်) တို့ဖြစ်သည်။

ကမ္ဘာ့ရွှေဈေးနှုန်းကို ပြန်ကြည့်ပါက ၂၀၁၇ ခုနှစ်ဧပြီလမှစ၍ အတက်အဆင်းကြမ်းလျက်ရှိပြီး လတစ်လအတွင်း အမြင့်ဆုံးနှင့် အနိမ့်ဆုံးနှုန်းသည် ဒေါ်လာ ၃၀ ခန့်မှ ဒေါ်လာ ၇၀ ခန့်အထိကွာခြားခဲ့သည်။ လအလိုက် ဖြစ်ပေါ်ခဲ့သော အနိမ့်ဆုံးနှင့်အမြင့်ဆုံး ကမ္ဘာ့ရွှေဈေးနှုန်းများမှာ ၂၀၁၈ ခုနှစ် ဩဂုတ်တွင် ၁၁၇၄- ၁၂၂၁ ၊ စက်တင်ဘာတွင် ၁၁၈၂-၁၂၀၆၊ အောက်တိုဘာတွင် ၁၁၈၅-၁၂၃၅ ဒေါ်လာ၊ နိုဝင်ဘာတွင် ၁၁၉၈-၁၂၃၅ ဒေါ်လာ၊ ဒီဇင်ဘာတွင် ၁၂၂၁-၁၂၈၁၊ ဇန်နဝါရီတွင် ၁၂၇၈-၁၃၂၅ ဝန်းကျင် ဖြစ်ပေါ်ခဲ့သည်။

**Source:** https://news-eleven.com/article/80390

## မြန်မာ့ပီလောပီနံကို ဩစတြေးလျ၊ ဥရောပနှင့် တရုတ်နိုင်ငံများသို့တင်ပို့နေသည့် ကုမ္ပဏီများကမ်းလှမ်း

ပီလောပီနံမှ စားသောက်ကုန်၊ မုန့်မျိုးစုံထုတ်လုပ်နိုင်ခြင်းကြောင့် ပီလောပီနံတန်ဖိုးမြင့်ထုတ်ကုန်များကို ဩစတြေးလျ၊ ဥရောပနှင့် တရုတ်နိုင်ငံများသို့ ဖြန့်ဖြူး ရောင်းချသည့်ကုမ္ပဏီများစွာက မြန်မာ့ပီလောပီနံများကို ကမ်းလှမ်းလာကြကြောင်း စက်မှုဝန်ကြီးဌာန ပည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို က ပြောသည်။

ဒေသထွက်ကုန်ဖြစ်တဲ့ ပီလောပီနံစိုက်ပျိုးမှုမှ ပြည်ပပို့ကုန်အဖြစ် ဈေးကွက်တိုးချဲ့ရရှိရေးအတွက် ပြည်ပမှကျွမ်းကျင် ပညာရှင်များကိုဖိတ်ခေါ်ပြီး အသိပညာတိုးတက်ပြန့်ပွားရေးဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးကပြောသည်။ လက်ရှိတွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းတွင်ရှိသည့် MSME Center တွင် ပီလောပီနံမှ Value Added ထုတ်ကုန်များကို ထုတ်လုပ်သည့်နည်းပညာရရှိရေးအတွက် နယ်သာလန်နိုင်ငံမှပညာရှင်များဖိတ်ခေါ်ပြီး ပညာပေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ထို့ပြင် ဩစတြေးလျနိုင်ငံမှပညာရှင်များကလည်း မကြာမီလာရောက်မည်ဖြစ်ကြောင်း သိရသည်။

**Source:** https://www.facebook.com/pyimyanmarnews/posts/2034529566582825

## Thura News Views

**City development project announced invitation for EOI**

The company behind the planned Yangon New City project has invited interested parties to submit their expressions of interest (EOI) before the end of this month, according to an article in the Myanmar Times. The New Yangon Development Co (NYDC) was launched by the Yangon Region government in March last year. It plans to construct a new city twice the size of Singapore in the west of Yangon with a USD1.5 billion of investment targeted in the first phase. The project will include infrastructure development, such as new bridges, power supplies and waste disposal. In May 2018, the state-owned China Communications Construction Co (CCCC) signed a deal with NYDC to prepare an infrastructure proposal. The move came in for criticism because no tender was called. NYDC said the decision was taken in order to avoid "time wasting". The NYDC is overseen by prominent businessman Serge Pun and chaired by Yangon Chief Minister U Phyo Min Thein.

**Hyundai establishes Yangon factory**

Hyundai has established a plant in Yangon and will assemble vehicles in the country for the first time. The South Korean car manufacturer's local partner is Shwe Daehan Motorcar Assembly Co, according to a report in the Myanmar Times. The factory is located in the Tardukan industrial zone of Shwe Pyi Thar Township. It will employ almost 200 local workers, the article said. The first model to be established at the plant is the Accent sedan, which has a 1.4 liter four-cylinder engine. It will assemble about 40 units per month. "Now, we are currently studying the market sentiment, so we do not have an exact target for production numbers yet as this depends on market demand," said U Myo Win, sales and marketing manager of KLM. KLM is the authorised importer and deal-er of Hyundai vehicles in Myanmar. The opening ceremony of the factory was attended by Yangon Chief Minister U Phyo Min Thein. He said he hoped to see the company scale up its operations in Myanmar in the future.

**Hayman Capital raises USD 2 million debt investment**

Hayman Capital, a Yangon-based microfinance company, has finalised a USD 2 million debt investment from Swiss investor Symbiotics SA. According to an article in Dealstreet Asia, the funds will be used to support the company's operations in the country. Also it aims to reach a further 15,000 new clients in the trading, production, agriculture and service sectors. "We are committed to continuing our expansion in order to reach the unbanked population in this country

and provide competitive financial services to them," said Sultan Marenov, managing director and CEO of Hayman Capital. The company was established in 2014 and operates out of 14 branches in Yangon, Bago, Mandalay and Ayeyarwady regions. Total assets of the company are worth USD 18.05 million. According to its website, Symbiotics aims to positively impact low- and middle-income in emerging and frontier economies.

**Source: Thura Swiss News (Issue 353 Feb 14, 2019)**

# STOCK EXCHANGE (14.2.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 14th Feb. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +0 | +0.00% | 9,000 | 9,000 | 9,000 | 1,670 | 15,030,000 | 27,112,747 | 244,015 |
| MTSH | 00002 | 2,900 | -50 | -1.69% | 2,950 | 2,950 | 2,900 | 1,991 | 5,820,500 | 38,929,150 | 112,895 |
| MCB | 00003 | 7,200 | +200 | +2.86% | 7,200 | 7,200 | 7,200 | 36 | 259,200 | 10,400,986 | 74,887 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,000 | 22,000 | 22,000 | 0 | 0 | 2,472,053 | 54,385 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 350 | 945,000 | 12,212,906 | 32,975 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 380.27 | +0.10 | +0.03% | 380.17 | 380.27 | 380.17 | 4,047 | 22,054,700 | 5 | 519,157 |

### Index chart





# Market Overview

As of 1:00 pm, 14th Feb. 2019

| MYANPIX | 380.27 ▲ 0.10 |
|---|---|
| Total Volume (shares) | 4,047 |
| Total Value (MMK) | 22 mil |
| Listed Company | 5 |
| Market Cap. (MMK) | 519,157 mil |

MYANPIX




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▲ 0 |
| MTSH | 00002 | 2,900 | ▼ 50 |
| MCB | 00003 | 7,200 | ▲ 200 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 0 |